# Your Rights & Resources After Receiving a Notice to Vacate For Non Payment of Rent

# အိမ်ငှားခ မပေးမှုကြောင့် ဖယ်ရှားဖို့ အကြောင်းကြားစာ ရရှိပြီးနောက် သင့်၏ ရပိုင်ခွင့်များ နှင့် အရင်းအမြစ်များ

ကျွန်ုပ်တို့သည် ဤသတင်းအချက်အလက်များကို သင့်ထံသို့ ပေးပို့ရန် San Antonio မြို့အစိုးရ အလိုရှိပါသည်။

## သင်သိထားရမှာက။

- **ဖယ်ရှားဖို့ အသိပေးစာသည် နှင်ထုတ်ခြင်း မဟုတ်ပါ။** နှင်ထုတ်ခြင်း လုပ်ငန်းစဉ်၏ ပထမဆုံး ခြေလှမ်းသာဖြစ်ပြီး သင်ချက်ချင်း ထွက်သွားဖို့ ဆိုလိုတာ မဟုတ်ပါ။ ထိုပြဿနာ ဖြေရှင်းဖို့ သင့်မှာ အချိန်ရှိသေးသည်။ သင်နေအိမ်မှ ယခုထွက်သွားစရာ မလိုသည့်အပြင် အိမ်ပိုင်ရှင်အား အရင်မပြောထားဘဲနဲ့လည်း မထွက်သွားသင့်ပါ။
- **သင်၏ ရပိုင်ခွင့်များ နှင့် နောက်ခြေလှမ်းများကို ထပ်လေ့လာပါ။** Bexar County မှပြဋ္ဌာန်းထားသည့် အောက်ပါ ကိုယ့်အားကိုယ်ကိုး ဥပဒေရေးရာ သတင်းအချက်အလက်များကို ကိုးကားပါ။

  https://www.bexar.org/DocumentCenter/View/22596/Self-Help-Legal-Information-Packet-When-an-Eviction-Case-Has-Been-Filed-Against-You-PDF

## ယခု သင်လုပ်လို့ရသည့် ခြေလှမ်းများ။

- **ပေးဆောင်ရမည့် ငွေကြေးသဘောတူညီမှုတစ်ခု ရရှိရေး ကြိုးစားအဖြေရှာရန် အိမ်ပိုင်ရှင်အား ချက်ချင်းဆက်သွယ်ပါ။** ငွေကြေးသဘောတူညီမှုများကို စာဖြင့်ရေးသား၍ သင်နှင့်သင့်အိမ်ပိုင်ရှင် နှစ်ဦးစလုံးက လက်မှတ်ရေးထိုးကြရမည်။
- **အကူအညီ ရှိပါသည်။** သင်အကူအညီလိုအပ်ပါက ရရှိနိုင်သည့် အရင်းအမြစ်များ ရှိပါသည်။
  - **သင်၏ရပိုင်ခွင့်များ နှင့် အရင်းအမြစ်များ မေးမြန်းရန်။** 210-207-5910 (**City of San Antonio**) ကိုခေါ်ဆိုပါ။
  - **အိမ်ငှားခ၊ ရေမီးခ၊ အခကြေးငွေများ နှင့် လိုအပ်ပါက ရွှေ့ပြောင်းရာတွင် ကုန်ကျစရိတ်များ နှင့် ပတ်သက်ပြီး အကူအညီရရှိရန်။**

    ၁။ **City of San Antonio:** 210-207-5910 ကိုခေါ်ဆိုပါ သို့မဟုတ် www.sanantonio.gov/emergencyhousingassistance.ကိုသွားပါ။

    ၂။ **Guadalupe Community Center:** 210-226-6178 ကိုခေါ်ပါ။

    အိမ်ငှားခ နှင့် ရေမီးခအကူအညီများအတွက် ငွေကြေးထောက်ပံ့မှု ကန့်သတ်ထားသည်။

## ဖယ်ရှားဖို့ အကြောင်းကြားစာ ရရှိပြီးနောက် ဘာဖြစ်လာနိုင်သလဲ?

ဖယ်ရှားဖို့ အကြောင်းကြားစာ ပေးပို့ပြီးနောက် အိမ်ပိုင်ရှင်သည် တရားရုံးသို့ တရားစွဲ အမှုတင်သွင်းမှာ ဖြစ်သည်။ ပုံမှန်အားဖြင့် အမှုတင်သွင်းပြီး ၂၁ ရက်အတွင်း တရားရုံးမှ အမှုကြားနာမည့် ရက်ကို သတ်မှတ်ပေးမှာ ဖြစ်သည်။ တရားရုံးက သင်လာရောက် အစစ်ဆေးခံမယ့် ရက်ကို စာဖြင့် အကြောင်းကြားမှာ ဖြစ်သည်။

အမှုကြားနာမှုတွင် သင်၏ရပိုင်ခွင့်များအတွက် လာရောက် ချေပနိုင်သည်။ အမှုကြားနာပြီးမှ တရားရုံးက စီရင်ချက် ထုတ်ပြန်မှာ ဖြစ်သည်။ အကယ်၍ သင်ရောက်မလာပါက တရားသူကြီးသည် နှင်ထုတ်ခြင်းကို သင်ဘက်က မကန့်ကွက်ဟု ကောက်ချက်ချပြီး အိမ်ပိုင်ရှင်အတွက် စီရင်ချက် ထုတ်ပြန်မှာ ဖြစ်သည်။ သင်သည် အယူခံဝင် ပိုင်ခွင့်ရှိသည်။

အကယ်၍ နှင်ထုတ်ခြင်းအမှု စတင်မကြားနာမီ သင် နှင့် သင့်အိမ်ပိုင်ရှင်တို့ သဘောတူညီမှု တစ်ခု ရရှိနိုင်ပါက ၎င်းသဘောတူညီမှုစာချုပ်ကို တရားရုံးသို့ ပြပါ။ အမှုကြားနာမှု မတိုင်ခင်က တင်ရှိသော ပေးစရာအားလုံး ပေးချေပါက ထုံးစံအရ အိမ်ပိုင်ရှင်သည် အမှုကို ပယ်ချမှာ ဖြစ်သည်။

အကယ်၍ အမှုကြားနာပြီး ၅ ရက်အတွင်း သင်ဘက်က ပြောင်းရွှေ့ခြင်း သို့မဟုတ် အယူခံဝင်ခြင်း တစ်စုံတစ်ရာ မလုပ်ပါက အိမ်ပိုင်ရှင်သည် တရားရုံးသို့ နှင်ထုတ်ခွင့်အမိန့်စာ တောင်းခံနိုင်သည်။ သင်နှင့်တကွ သင်၏ပိုင်ဆိုင်မှု အားလုံးကို နေအိမ်မှ နှင်ထုတ်ဖယ်ရှားခြင်း မဆောင်ရွက်မီ အကြောင်းကြားစာ တစ်စောင်ကို သင်၏အိမ်တံခါးမှာ ၂၄ နာရီ ကြိုတင်ကပ်ထားမှာ ဖြစ်သည်။

**သင့်မှာ ရွေးချယ်ပိုင်ခွင့် ရှိသည့်အပြင် သင့်ကို ကူညီနိုင်တဲ့လူများလဲ ရှိကြောင်းကို သတိရပါ။**

သဘောတူညီမှု ရရှိဖို့ လုပ်ငန်းစဉ် တစ်လျှောက် သင်၏အိမ်ပိုင်ရှင်နှင့် ဆက်သွယ်ခြင်းသည် အကြံဉာဏ်ကောင်း တစ်ခုဖြစ်သည်။ အကူအညီဖို့ပေးရန် စီမံထားသည့် မြို့ဝန်ဆောင်မှု၊ ရပ်ကွက်ဝန်ဆောင်မှု၊ သို့မဟုတ် ရပ်ရွာဝန်ဆောင်မှုများလည်း ရှိသည်။

**နေထိုင်သူ၏ နာမည်။** ____________________________________________

**လိပ်စာ/အခန်း။** ____________________________________________

**ပေးပို့သည့်နေ့။** ____________________________________________

**ပေးပို့သည့် ပုံစံ။** ____________________________________________